# ဒီနေ့အတွက် သိကောင်းစရာ (၂)

(၂၀၂၀) ပြည့်နှစ်၊ မေလ (၂၃) ရက်

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ခြင်းမခံရအောင် အခြားသူတွေနဲ့ ဘာကြောင့် (၆) ပေ အကွာမှာ နေသင့်တာလဲ?

- မြန်မာနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ဓာတ်ခွဲအတည်ပြုလူနာများအနက် (၆၁%) ခန့်မှာ ရောဂါလက္ခဏာပြသခြင်း မရှိတာကိုတွေ့ရပါတယ်။

- ရောဂါလက္ခဏာပြသခြင်းမရှိဘဲ မိမိအနားရှိ အမြင်အားဖြင့် နေကောင်းနေတဲ့သူများထံမှာလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိနေနိုင်ပါတယ်။

- ကိုရိုနာဗိုင်းရပ်စ်ပိုးသည် စကားပြောခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းမှတစ်ဆင့် အနီးပတ်ဝန်းကျင်သို့ အများအားဖြင့် (၃) ပေမှ (၆) ပေခန့်အထိ ပျံ့နှံ့ရောက်ရှိနိုင်တာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ရောဂါကူးစက်ခြင်းမခံရဖို့ အခြားသူများနဲ့ အနည်းဆုံး (၆) ပေအကွာ တွင်သာ နေထိုင်ရမှာဖြစ်ပါတယ်။




